## အစေခံသူတစ်ဦး၏ နှလုံးသား - လူမှုလုပ်သားတစ်ဦးဖြစ်သည့် Tera Reid သည် တစ်နှစ်တာ အကောင်းဆုံးသော ပညာရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့သူ ကျွမ်းကျင်ပညာရှင် II အဖြစ် အသိအမှတ်ပြုခံရ

Eagle Woods Academy စာသင်ကျောင်းမှ လူမှုလုပ်သားဖြစ်သူ Tera Reid သည် အစဉ်ဆိုသလို အစေခံသူတစ်ဦး၏ နှလုံးသားကို လက်ကိုင်စွဲထားသူတစ်ဦး ဖြစ်သည်။ နှစ်ပေါင်း 25 နှစ်တာကာလအတွင်း သူမသည် အသေးအမွှားအဖြစ် သတ်မှတ်ခံရသူများအတွက် အကူအညီပေး၍ အပြုသဘောဆောင်သော ဖြေရှင်းမှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်ပေးခဲ့သည်။ တာဝန်ထမ်းဆောင်ပေးဖို့ရန် သူမ၏ နှစ်မြှုပ်အားထုတ်မှုကြောင့်ပင် သူမသည် DeKalb ကောင်တီကျောင်းခရိုင် (*DCSD*) ၏ 2024–2025 တစ်နှစ်တာ အကောင်းဆုံးသော ပညာရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့သူ ကျွမ်းကျင်ပညာရှင် II အဖြစ် အမည်ပြုခံခဲ့ရခြင်း ဖြစ်ပေသည်။ Ms. Reid အား ပြီးခဲ့သည့် နိုဝင်ဘာလတွင် ကျင်းပခဲ့သည့် *11 ကြိမ်မြောက် နှစ်စဉ် ပညာရေးဆိုင်ရာ အကောင်းဆုံး အကယ်ဒမီဆုပေးပွဲ*တွင် ဂုဏ်ပြုချီးမြှင့်ခဲ့ခြင်း ဖြစ်သည်။

"ခရိုင်ရဲ့ တစ်နှစ်တာအကောင်းဆုံး ပညာရေးဆိုင်ရာ ပံ့ပိုးထောက်ပံ့ပေးသူ ကျွမ်းကျင်ပညာရှင် II အဖြစ် အသိအမှတ်ပြုခံရတဲ့အပေါ် တကယ်ပဲ ဂုဏ်ယူမိပါတယ်၊" ဟု Ms. Reid မှ ဆိုသည်။ "ဒီနယ်ပယ်ထဲက ထိုက်တန်ပြီး၊ လေးစားဖို့ကောင်းတဲ့ လုပ်ဖော်ကိုင်ဖက်တွေ အမြောက်အများရဲ့ ဝန်းရံမှုကို ခံရပြီး၊ အနိုင်ရရှိသူတစ်ဦးအဖြစ် ရွေးချယ်ခံခဲ့ရတာဟာဆိုရင် ကျွန်မရဲ့ လုပ်သက် ခရီးစဉ်သက်တမ်းတစ်လျှောက် အထွတ်အထိပ် အခြေအနေတစ်ခုကို ရောက်ရှိနေသလို ခံစားရပါတယ်။"

Ms. Reid သည် စာသင်ကျောင်းများ၊ လူမှုရေး ဝန်ဆောင်မှုများ၊ သက်ငယ် တရားမျှတရေး၊ HIV/AIDS သတိပြုသိရှိရေး၊ စိတ်ကျန်းမာရေး နှင့် လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခံရသည့် ကလေးများ အစရှိသည်တို့အား ဝန်ဆောင်မှုပေးလျက်ရှိသည့် အမျိုးမျိုးသော အေဂျင်စီများတွင် လူမှုလုပ်သားတစ်ဦးအဖြစ် လုပ်ကိုင်ဆောင်ရွက်ခဲ့ဖူးသည်။ သူမသည် "အကြင်သူသည် များစွာသော ကျေးဇူးကို ခံရ၏။ ထိုသူသည် အများကို ဆပ်ရ၏။" ဟူသော ကျမ်းပိုဒ်ကို သူမ၏ သက်မွေးဝမ်းကျောင်း လုပ်သက်တစ်လျှောက် လက်ကိုင်စွဲ နှလုံးသွင်းထားခဲ့သူ ဖြစ်သည်။

"ကျွန်မက အခွင့်ထူးခံ နောက်ခံအသိုင်းအဝိုင်းတစ်ခုကနေ မွေးဖွားလာခဲ့သူ မဟုတ်ပေမဲ့ ကျွန်မရဲ့ မိသားစုနဲ့ ရပ်ရွာအဖွဲ့အစည်းက ထောက်ပံ့ပေးတဲ့ အခွင့်အလမ်း အမျိုးမျိုးနဲ့အတူ ပျိုးထောင်စောင့်ရှောက်ပေးတဲ့ ပတ်ဝန်းကျင်တစ်ခုကနေ ကြီးပြင်းခွင့်ရရှိခဲ့ပြီး၊ ကောင်းချီးများစွာ ခံစားရသူ ဖြစ်ပါတယ်၊" ဟု Ms. Reid မှ ဆိုသည်။ "ဒီလိုတူညီတဲ့ အခွင့်အရေးတွေကို လူတိုင်း၊ အထူးသဖြင့် ခုခံကာကွယ်နိုင်စွမ်း အကင်းမဲ့ဆုံးသူတွေက မရရှိနိုင်ဘူးဆိုတာကို ကျွန်မ သိရှိနားလည်ခဲ့ရတဲ့အချိန်မှာတော့ အခြားသူတွေကိုလည်း သူတို့ အရည်အချင်းတတ်စွမ်းနိုင်သမျှ ရည်မှန်းချက်တွေ ပြည့်မီရောက်ရှိနိုင်ဖို့ အကူအညီပေးသွားမယ်ဆိုတဲ့ စိတ်ဆန္ဒတွေ ကျွန်မမှာ ရှိလာခဲ့ပါတယ်။."

Ms. Reid သည် DCSD နှင့် Eagle Woods Academy စာသင်ကျောင်းအတွက် 2013 ခုနှစ်ကတည်းက တာဝန်ထမ်းဆောင်ခဲ့သူ ဖြစ်သည်။ သူမသည် Eagle Woods Academy စာသင်ကျောင်းအား နှစ်သက်မြတ်နိုးပြီး၊ သူမ၏ နေ့စဉ် တာဝန်ဝတ္တရားများနှင့်မသက်ဆိုင်သော်ငြား စိတ်လှုပ်ရှားဖို့ကောင်းပြီး အားထုတ်ရသည့် စိန်ခေါ်မှုများကို နှစ်သက်ပျော်ရွှင်သူ ဖြစ်သည်။ သူမ၏ အဆိုအရ လူမှုလုပ်သားတစ်ဦးအနေဖြင့် နှစ်သက်ဖွယ်အကောင်းဆုံးသော ရှုထောင့်ကို ပြောရမည်ဆိုလျှင် တစ်စုံတစ်ဦး၏ အသက်တာအား အနည်းငယ်မျှပင်ဆိုစေသော်ငြား တိုးတက်ကောင်းမွန်လာစေဖို့အတွက် ထည့်သွင်းဆောင်ရွက်ပေးခွင့် ရရှိခြင်းပင်ဖြစ်ကြောင်း သိရှိရသည်။

"ကျွန်မတို့ရဲ့ ကျောင်းသားတွေဟာဆိုရင် အများသူတွေ နားလည်ပေးနိုင်ဖို့ ခက်ခဲတဲ့၊ စကားလုံးနဲ့မဖော်ပြနိုင်လောက်တဲ့ စိတ်ဒဏ်ရာတွေ၊ စိတ်ကျန်းမာရေး စိန်ခေါ်မှုပြဿနာတွေကို တွေ့ ကြုံကြရတတ်ပါတယ်၊" ဟု သူမမှ ပြောကြားခဲ့သည်။ "ကျွန်မရဲ့ ကျောင်းသားတွေနဲ့ သူတို့ရဲ့ မိသားစုတွေနဲ့အတူ ခိုင်မာတဲ့ ဆက်ဆံရေးတွေကို တည်ဆောက်ပြီး၊ ဒီစိန်ခေါ်မှုအခက်အခဲတွေကို သူတို့ ကျော်လွှားဖြတ်ကျော်နိုင်ဖို့ အကူအညီပေးနိုင်ခြင်းဟာ ကျွန်မအတွက် ပျော်ရွှင်မှုတွေကို ယူဆောင်လာပေးပါတယ်။"

လူမှုရေးလုပ်ငန်းသည် ၎င်း၏ ရှုပ်ထွေးလှသော သဘောသဘာဝနှင့် ၎င်းတို့ ဝန်ဆောင်ပေးရသူများကြောင့်ဟု အလွန်ပင် စိန်ခေါ်မှုအခက်အခဲများရှိသည့် လုပ်ငန်းတစ်ခုဟု ဆိုရပေမည်။ Ms. Reid အနေနှင့် သူမ၏ သက်မွေးဝမ်းကျောင်းတွင် ချက်ချင်း အောင်မြင်မှုအသီးအပွင့်ကို တစ်သမတ်တည်း မမြင်တွေ့ရသော်ငြား သူမအတွက်မူ သူမ၏ အလုပ်သည် အလွန်ပင် ကျေနပ်ဖွယ်သောအလုပ်ဟု ဆိုရပေမည်၊ အကြောင်းမှာ တစ်စုံတစ်ဦးအတွက် ခြားနားချက်တစ်ခု၊ အပြုသဘောဆောင်သော သက်ရောက်မှုတစ်ခုကို ပြုလုပ်ပေးနိုင်သည့် အခွင့်အရေး ရရှိသောကြောင့် ဖြစ်သည်။

"ကျွန်မ ကြိုးပမ်းအားထုတ်မှုတွေရဲ့ ရလဒ်ကို တစ်သမတ်တည်း မမြင်တွေ့ရတဲ့တိုင် အဆုံးသတ်မှာတော့ ကျွန်မ ဝေမျှတိုက်တွန်းအားပေးခဲ့တဲ့ စကားလုံးတွေ ဒါမှမဟုတ် ကျွန်မ မျှဝေပေးခဲ့တဲ့ ကျွမ်းကျင်မှုတွေဟာ ကျွန်မ ကျောင်းသားတွေအတွက် သက်ရောက်မှုရှိပြီး၊ သူတို့ရဲ့ အသက်တာကို အပြုသဘော ထည့်ဝင်ဆောင်ရွက်ပေးနိုင်မယ်ဆိုတဲ့ ယုံကြည်ချက်ကို ကျွန်မ လက်စွဲထားပြီး၊ ဆက်လက် အားထုတ်သွားမှာ ဖြစ်ပါတယ်။" ဟု သူမမှ ဆိုသည်။ "အဆုံးသတ်မှာတော့ 'ဒါက Ms. Reid ငါ့ကို သင်ထားပေးတာလေ' ဆိုတဲ့ စကားလေးကို အမွေအနှစ် ချန်ထားနိုင်ခဲ့လိမ့်မယ်လို့ မျှော်လင့်မိပါတယ်။"

XXX